ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း
National Community Driven Development Project
(NCDDP)



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
Village Development Plan (VDP)
စန္ဒီကျေးရွာ၊ ရွာသစ်ကလေးရွာအုပ်စု


၂၀၁၈ ခုနှစ်

ကျောက်တန်းမြို့

မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ.......................................................................................2
၂။ရွာသစ်ကလေးအုပ်စုမြေပုံ .......................................................................................3
၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း ..........................................4
၄။ကျေးရွာအခြေခံအချက်အလက်များ .......................................................................................4
၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် ...............5
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ..7
၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ................. 23
၈။ကျေးရွာကော်မတီစာရင်း.......................................................................................26
၉။ပုံစံ-၁ကျေးရွာအချက်အလက်.......................................................................................27
၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် .......................................................................................30
၁၁။အစည်းအဝေးမှတ်တမ်းများ .......................................................................................32
၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP).........................................39

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
သုံးခွသို့
ကျောက်တန်းမြို့
ရန်ကုန်မြစ်
မုတ္တမပင်လယ်ကွေ့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ ရွာသစ်ကလေးကျေးရွာအုပ်စုမြေပုံ



၃။ ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ

၁။ရွာသစ်ကလေးကျေးရွာ

၂။စန္ဒီကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

စန္ဒီကျေးရွာသည်ရန်ကုန်တိုင်းဒေသကြီး၊ရန်ကုန်တောင်ပိုင်းခရိုင်၊ကျောက်တန်းမြို့နယ်နှင့် (၃၆)မိုင်ခန့် ကွာဝေးပြီးကား၊ဆိုင်ကယ်သဘော် တို့ဖြင့်တစ်နေရာမှတစ်နေရာသို့သွားကြသောရွာတစ်ရွာဖြစ်ပါသည်။ စန္ဒီကျေးရွာတွင်လူဦးရေ(၆၀၇)ဦးရှိပြီး အိမ်ထောင်စုမှာ(၁၆၀)ရှိပါသည်။ ဗမာလူမျိုးအများစုနှင့် ဟိန္ဒူလူမျိုးစု အနည်းငယ် နေထိုင်ပါသည်။ ဗမာဦးရေ(၅၈၂)ဦးရှိပြီးဟိန္ဒူဦးရေ(၂၅) ရှိပါသည်။ စန္ဒီကျေးရွာကို (၁၂၁၆)ခုနှစ်မှစတင်တည်ထောင်ခဲ့ပါသည်။ လယ်ယာလုပ်ငန်းအများဆုံးလုပ်ကိုင်ကြသည်။ ကျေးရွာ၏ အဓိကဝင်ငွေမှာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ခြင်းမှ ရရှိပါသည်။ စာသင်ကျောင်းတစ်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် ကျေးလက်ဆေးပေးခန်းလည်ရှိပါသည်။ ကျေးရွာတွင် သောက်ရေကန် (၂)ကန်ရှိပြီးမီးရရှိခြင်းတော့ မရှိသေးပါ။ ဧရိယာအကျယ်အဝန်းမှာဧကေ(၅၀၀) ပတ်လည်ကျော်ကျယ်ဝန်းပါသည်။ ကျေးရွာဖြစ်ပေါ်လာပုံမှာအင်္ဂလိပ်မင်း လက်ထက်မှ စတင်ဖြစ်ပေါ် လာခဲ့ပါသည်။ အိမ်ထောင်စုဦးရေ (၁၀၀) ကျော်ဖြင့်စတင်တည်ထောင်ခဲ့ပါသည်။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၂၀ | ၁၅ | ၁၀ | ၂၅ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၅၀ | ၃၀ | ၂၀ | ၅၀ |
| မြေယာမဲ့ | ၀ | ၀ | ၀ | ၀ |
| မသန်စွမ်း | ၃ | ၂ | ၁ | ၃ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးရောင်း | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | ခြွေလှေ့စက် | ဆိုင်ကယ်ဝပ်ရှော့ |
| ကွမ်း | ဘဲ | စပါးကြိတ်စက် | |
| | ငန်း | စပါးအရောင်းအဝယ် | |
| | မန်ဒါလီ | ပဲအရောင်းအဝယ် | |

## ၆။ ကျေးရွာအတွင်းအဓိကပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၈၀၀ | - | - | - | ၃ | - |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | အသေးစားဆည် | ဈေးဆိုင် |
| အရေအတွက် | ၃ | ၅ | ၂ | ၁/၃ | - | ၅ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ


| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | - | - | - | - | ၃၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်/ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၂၅/၄၀ | ၁၁၀ | ၁၀ | ၄၂၀ | ၂ |

## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၄-၁၂-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ ဝန်ထမ်း | ၁၂ | ၉ | ၂၁ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်းရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၄-၁၂-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ ဝန်ထမ်း | ၁၁ | ၈ | ၁၉ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက် | ၄-၁၂-၂၀၁၄ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါးအုပ်စုများ | ၁၀ | ၁၁ | ၂၁ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများသတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံ သုံးသပ်ချက် | ၄-၁၂-၂၀၁၄ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၁၅ | ၁၆ | ၃၁ | ကျေးရွာတွင်းရှိအဖွဲ့အစည်းများ နှင့် မည်သို့သော လုပ်ငန်းများ အတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၄-၁၂-၂၀၁၄ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၁၇ | ၁၅ | ၃၂ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူ အခွင့်အရေးရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၄-၁၂-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ ဝန်ထမ်း | ၁၃ | ၁၄ | ၂၇ | ကျေးရွာတွင်းရှိပိုင်ဆိုင်ထားသောအရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ


### ၁။လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။



## သုံးသပ်ချက်

စန္ဒီကျေးရွာတွင် လူဦးရေ (၆၀၇)ဦးရှိပြီး အိမ်ထောင်စုမှာ (၁၆၀)စုရှိပါသည်။ စန္ဒီကျေးရွာထိပ်တွင်ရွာဦးဘုန်းကြီးကျောင်း ရှိပါသည်။ စန္ဒီကျေးရွာသည် ကျောက်တန်းမြို့၏အရှေ့မြောက်ဘက် (၃၆)မိုင်အကွာတွင်တည်ရှိပါသည်။ အိမ်ထောင်စုဦးရေမှာ (၁၆၀)ခန့်ရှိပါသည်။ရွာတွင်းတွင်လမ်းမကြီး (၂)ခုရှိပါသည်။ သောက်သုံးရေကန် (၃)ကန်ရှိပါသည်။ ရွာ၏တောင်ဘက်တွင် မူလတန်းကျောင်းရှိပါသည်။ စန္ဒီကျေးရွာတွင် ကြာကန်ကျေးရွာနှင့် ဆက်သွယ်ထားသောကွန်ကရစ်တံတား(၁)စင်းရှိပါသည်။ရွာလယ်တွင် ကျေးရွာဆေးပေးခန်း ရှိပါသည်။ ရွာဝင်လမ်းမကြီးသည် အသစ်ခင်းရန် လိုအပ်နေပါသည်။ စာသင်ကျောင်းနှင့် ဆေးပေးခန်းတို့သည်ပြင်ဆင်ရန်လိုအပ် နေပါသည်။စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ပါသည်။

၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။




သုံးသပ်ချက်

စန္ဒီကျေးရွာတွင် ချမ်းသာသော၊ပြေလည်သော၊ မပြေလည်သောဟူ ၍လူမှုအဆင့် (၃)ဆင့်ရှိပါသည်။ ချမ်းသာသော အဆင့်မှာ လယ်ဧက(၂၅)ကေနင့်အထက်၊ ပျဉ်ထောင်၊ သွပ်မိုး၊ဆန်စက်၊ ဆိုင်ကယ်၊ ဖုန်း၊ တီဗီ၊ရွှေနွားပျံ၊လယ်ထွန်စက်၊ဖောကား၊ဆိုလာနွားတို့ပိုင်ဆိုင်ကြပြီးအိမ်ထောင်စုမှာ(၅)စုနင့်ရာခိုင်နှုန်းမှာ(၃.၁ %)ရှိပြီး၊အသင့်အတင့်ပြေလည်သောအဆင့်တွင်လယ်ဧက(၁၀)နင့်အထက်၊နွားပျံစက်၊ဆိုင်ကယ်၊တီဗွီ၊ဆိုလာ ၊ဓနိမိုး၊ထရံကာတို့ ပိုင်ဆိုင်ကြပြီးအိမ်ထောင်စုမှာ(၅၀)နင့်ရာခိုင်နှုန်းမှာ(၃၁.၂%)နင့်မပြေလည်သောအဆင့်မှာ လယ်ဧက(၅)ကေ၊ရင်းနှီးငွေမရှိ၊ဓနိမိုး၊ဓနိကာ၊ဝါးခင်း၊လက်လုပ်လက်စားတို့ဖြစ်ကြပြီးအိမ်ထောင်စုမှာ(၁၀၅)စု ရာခိုင်နှုန်းမှာ(၆၆%)ရှိသည်ဟု ကျေးရွာသူရွာသားများမှ သတ်မှတ်ခဲ့ကြပါသည်။

ကျေးရွာအတွင်းနွမ်းပါးရခြင်းမှာဝင်ငွေနည်းပါးခြင်း၊အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးခြင်း၊ ပုံမှန်ဝင်ငွေမရှိခြင်း၊ကလေးများများပြားခြင်းများကြောင့်ကျောင်းမထားနိုင်ခြင်းတို့ ဖြစ်ပါသည်။

### ၃။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း။





အရင်းအမြစ် သုံးစွဲမှု
စန္ဒီကျေးရွာ၊ ရွာသစ်ကလေးကျေးရွာအုပ်စု၊ ကျောက်တန်းမြို့။
အားကစားကွင်း
ဆိုင်ကယ်
ရိတ်စက်
ထွန်စက်
မော်တော်
ကား
လယ်
ပန်းရံ
ကောက်စိုက်
အပ်ချုပ်စက်
ဈေးဆိုင်
ပဲခူး
ကျောင်း
ဘုန်းကြီးကျောင်း
ရေတွင်း/ရေကန်
တံတား
လမ်း
စပါးရိတ်
ပါဝင်ဆွေးနွေးသူ
ကျား -(၁၃)
မ -(၁၄)
၇-၁၂-၂၀၁၇

**သုံးသပ်ချက်**

**ထိန်းချုပ်မှု** ကျေးရွာ၏အရင်းအမြစ်များဖြစ်သော အားကစားကွင်း၊ မော်တော်၊ ကား၊ လယ်၊ ထွန်စက်၊ ပန်းရုံ၊ ဆိုင်ကယ်၊ ရိတ်စက်၊ စပါးရိတ်၊ ကောက်စိုက်၊ ပဲခွေ၊ အပ်ချုပ်စက်စသည်တို့ကိုအမျိုးသားများကထိန်းချုပ်ထားပြီး ဈေးဆိုင်ကိုသာ အမျိုးသမီးများက ထိန်းချုပ်သည်ကိုတွေ့ရှိရသည်။ကျောင်း၊ လမ်း၊ တံတား၊ ဘုန်းကြီးကျောင်းစသည်တို့ကို အမျိုးသားနှင့် အမျိုးသမီးများက ထိန်းချုပ်ထားပါသည်။

**အသုံးပြုမှု** ကျေးရွာ၏အရင်းအမြစ်ဖြစ်သော အားကစားကွင်း၊ မော်တော်၊ ကား၊ လယ်၊ ထွန်စက်၊ လယ်သမား၊ ပန်းရုံ၊ စပါးရိတ်စသည်တို့ကို အမျိုးသားများအသုံးပြုပြီး အပ်ချုပ်စက်၊ ပဲခွေ၊ ကောက်စိုက်၊ စပါးရိတ်စသည်တို့ကို အမျိုးသမီးများသာ အသုံးပြု၍ အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးအသုံးပြုသော အရင်းအမြစ်များမှာကျောင်း၊ ဘုန်းကြီးကျောင်း၊ လမ်း၊ တံတား၊ စပါးရိတ်၊ ရေတွင်းရေကန်စသည်တို့ကို အသုံးပြုပါသည်။

## ၄။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



**သုံးသပ်ချက်**

**စိုက်ပျိုးရေး** နယုန်လများတွင် စပါးကိုစတင်စိုက်ပျိုးပါသည်။ တော်သလင်း၊ သီတင်းကျွတ်လများတွင် စပါးရိတ်သိမ်း ကြပါသည်။ စပါးရိတ်သိမ်းပြီးချိန်တွင် ပဲတီစိမ်းများကိုသီး ထပ်စိုက်ပျိုးကြပါသည်။ ကွမ်းစိုက်ပျိုးခြင်းကိုလည်း နယုန်လမှ နတ်တော်လအထိ စိုက်ပျိုးကြသည်။


**မွေးမြူရေး** ကြက်၊ ဘဲ၊ဝက်၊ ငန်းတို့ကိုတပိုင်တနိုင် တစ်ရာသီလုံးမွေးမြူကြသည်။

**ပွဲတော်များ** တန်းခူးလမှာသင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ နတ်တော်လတွင် ကထိန်ပွဲ၊ တပေါင်းလတွင် ကျေးရွာဘုရားပွဲတော်များ ကျင်းပကြပါသည်။

**ကျန်းမာရေး** ဝါဆိုဝါခေါင်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်လများတွင် ရာသီကူးပြောင်းကာလ ဖြစ်သောကြောင့် အအေးမိဖျားနာတို့ ဖြစ်ပွားကြပါသည်။

**ဝင်ငွေ၊ထွက်ငွေ** နတ်တော်၊ ပြာသို၊တပေါင်းလများတွင် ဝင်ငွေအများဆုံး ရရှိပြီး ကျန်သောလများတွင် ဝင်ငွေ အနည်းငယ်သာရှိပါသည်။ တန်ဆောင်မုန်း၊ တပိုတွဲလများတွင် ထွက်ငွေအများ ဆုံးရှိသော လများဖြစ်သည်။

၅။ ပင့်ကူအိမ် သုံးသပ်ချက်။



**သုံးသပ်ချက်**

**အလုပ်ကိုင်အခွင့်လမ်း** ကျေးရွာအတွင်းယခုအခါ အမျိုးသမီးများသည် အလုပ်အကိုင် အခွင့်အလမ်း အနည်းငယ်သာကြောင်းတွေ့ရှိရသည်။

**ကျန်းမာရေး** အမျိုးသမီးများသည် အမျိုးသားများထက် ကျန်းမာရေးအသိပညာ ပိုမိုသိရှိကြောင်းတွေ့ရ ပါသည်။

**ပညာရေး** အမျိုးသမီးများသည် ယခုအခါ ပညာသင်ကြားခွင့်အမျိုးသားများထက် ပိုမိုရရှိကြောင်း တွေ့ရှိရပြီး အမျိုးသားများသည် အရွယ်ရောက်သည်နှင့် လုပ်ငန်းခွင်ထဲဝင်ရသောကြောင့် ပညာသင်ကြားခွင့် အခွင့်အရေးနည်းပါးနေကြောင်းတွေ့ရှိရသည်။

**အိမ်မှုကိစ္စ** အမျိုးသားများက အိမ်မှု ကိစ္စများကို ကူညီလုပ်ကိုင်ပေးသော်လည်း အမျိုးသမီးများကသာ အိမ်မှုကိစ္စများကို လုပ်ဆောင်ရမည်ဟူသော အစဉ်အလာကရှိနေသေးသောကြောင့် အမျိုးသားများ ထက်အိမ်မှုကိစ္စများတွင် ပိုမိုပြုလုပ်ရပါသည်။


**ဦးဆောင်ပိုင်ခွင့်**ကျေးရွာ၏ ဘာသာရေး၊ သာသနာရေးအစရှိသည်တို့တွင် အမျိုးသမီးများ၏ဦးဆောင် နိုင်မှုမှာနည်းပါးပြီး မြန်မာ့ထုံးတမ်းအစဉ်လာအရ အမျိုးသားများကသာ အများဆုံးဦး ဆောင်နေသည်ကို တွေ့ရှိရပါသည်။

**ဆုံးဖြတ်ချက်** ကျေးရွာအတွင်း ဆုံးဖြတ်ချက်များချရာတွင် အမျိုးသမီးများနှင့် အမျိုးသားများသည် တန်း တူဆုံးဖြတ်ချက်ချနိုင်ခွင့် ရှိသည်တွေ့ရှိရပါသည်။

**ဝင်ငွေရရှိမှု**အမျိုးသမီးများသည်ယခုအခါ အထည်ချုပ်လုပ်ငန်းများကြောင့် အမျိုးသားများထက် အနည်း ငယ်ဝင်ငွေပိုကြောင်း တွေ့ရှိရသည်။

**သာရေး/နာရေး** သာရေး/နာရေးပါဝင်မှုများတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုပါဝင်မှု ရှိကြောင်းတွေ့ရှိရပါသည်။

၆။ ဗင်းပုံစံ သုံးသပ်ချက်။



## သုံးသပ်ချက်

ကျေးရွာအတွင်းအဖွဲ့အစည်းများတွင်အုပ်ချုပ်ရေးမှူး၊ဂေါပက၊ဝေယျာဝစ္စအဖွဲ့တို့သည်ကျေးရွာလူထုနှင့်ပူးပေါင်းပြီးကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများအားကူညီဆောင်ရွက်ပေးပါသည်။ကျန်းမာရေးအဖွဲ့သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့တို့သည်ကျေးရွာ၏ကျန်းမာရေးစောင့်ရှောက်မှုကိုကူညီပေးကြပါသည်။မြစိမ်းရောင်အဖွဲ့အစည်းနှင့်ကြက်ခြေနီဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများသည်ကျေးရွာ၏စီးပွားရေးလုပ်ငန်းများအားတိုးချဲ့လုပ်ဆောင်ခြင်း၊ကျေးရွာ၏အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ်ထုတ်ချေးထားသည်ကိုတွေ့ရှိရပါသည်။ဝေယျာဝစ္စအဖွဲ့သည်ကျေးရွာ၏သာရေး၊နာရေးကိစ္စများတွင် ကူညီပေးသည်။ ကျေးရွာစီမံခန့်ခွဲရေးကော်မတီသည် ကျေးရွာ၏ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ပေးပါသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းမျာ းတွင်မြို့ နယ်အုပ်ချုပ်ရေးအဖွဲ့၊ ကျေးလက်ဦးစီးဌာန၊ စိုက်ပျိုးရေးဘဏ်၊သမဝါယမ၊ လယ်သမားသမဂ္ဂ၊ လူထုဗဟိုပြု စီမံကိန်းအဖွဲ့များတို့သည် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများနှင့်ဂဏ္ဍာအသီးသီးတွင် ချိတ်ဆက်လျက်ရှိ ပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာ အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် အုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရွာခွဲခေါင်းဆောင်သို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ်ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်း၊မျှော်မှန်းချက်များ ဖော်ထုတ်ခြင်း ၊ ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများအားမဲပေး၍ ရွေးချယ်ခြင်း နှင့် စီမံကိန်းလုပ်ငန်းများအားဦးဆောင်ဆောင်ရွက်မည့် ကော်မတီဝင်များအား မဲပေး၍ ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။** **ရက်စွဲ - ၇.၁၂.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအားကျား၊မရေးရာအခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သောကျား၊မရေးရာအကောင်အထည်ဖော်ရေးလိုအပ်ချက် (၅)ချက်ကိုရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်းစည်းရုံးခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကိုအမျိုးသား/သမီးများအလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ် ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကိုအစည်းအဝေးမစတင်မီအချိန်များကရှာဖွေဖော်ထုတ်ခဲ့တာမျိုးများရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများထဲမှ အချို့ကိုအစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုးရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကိုသင်ဆွေးနွေး မေးမြန်းခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများဆောင်ရွက်ခဲ့တာများရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုးရှိပါသလား။ | √ | | |

| | | | | |
|---|---|---|---|---|
| ၁၂ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသားအချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါကမှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံးအမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။**မဖွဲ့စည်းနိုင်ခဲ့ပါကမှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံးဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအားအမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သောဦးစားပေးရွေးချယ်မှုများကိုထောက်ပံ့ပေးသွားမည်ဖြ ဖစ်ကြောင်းအသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သောစီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသောလူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင် မည်ဖြစ်ကြောင်းရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကိုဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက် ကော်မတီဝင်များကိုကျားမရေးရာလိုအပ်ချက်များအကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက် ကော်မတီဝင်များအားလုံးတက်ရောက်နိုင်မှု ရှိ/မရှိစစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါကမှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



ကျေးရွာလူထုအမျိုးသမီးများမှ လူမှုဆန်းစစ်မှုပြုလုပ်နေသောမှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲများမဲပေးရွေးချယ်နေသောမှတ်တမ်းဓါတ်ပုံ



CMT သင်တန်းသင်ကြားနေသောမှတ်တမ်းဓါတ်ပုံများ





စီမံကိန်းလုပ်ငန်းခွဲမပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးကျော်မိုးနိုင် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်ဇင်မာဦး | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးသိန်းဟန် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဒေါ်ဝင်းငွေ | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဦးငွေဆင့် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၆ | ဒေါ်ချိုချိုလွင် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၇ | ဦးဇော်ဝင်း | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၈ | ဒေါ်အေးသဇင်ခိုင် | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးထွန်းလုံ | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၀ | ဒေါ်ကြည်ကြည်နိုင် | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဦးခင်မောင်အေး | ကျား | စေတနာ့ဝန်ထမ်း |
| ၁၂ | ဒေါ်ခင်မိုးဆွေ | မ | စေတနာ့ဝန်ထမ်း |
| ၁၃ | ဦးစိန်ဝင်း | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၃) ယောက်        ကျား(၇)ယောက်+မ(၆)ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဦးကျော်မိုးနိုင်        ဘဏ္ဍာရေးဆက်ကော်မတီ၊ဥက္ကဋ္ဌ
၂။ဒေါ်ဇင်မာဦး        ဘဏ္ဍာရေးဆက်ကော်မတီ၊ အဖွဲ့ဝင်

**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်ဇင်မာလှိုင်

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၇. ၁၂ .၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

လူထုဗဟိုပြုစီမံကိန်း
ကျောက်တန်းမြို့

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

**လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် ဦးတင်ရီ | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09-3156 3619 | | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်ရင်မာလှိုင် |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး – ရန်ကုန် | မြို့နယ် – ကျောက်တန်း | ကျေးရွာအုပ်စု – ရွာသစ်ကလေး | ကျေးရွာ – စဉ်ဒွိ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | 150 | ဘာသာ (၁) ဗုဒ္ဓ | 150 |
| လူမျိုးစု (၂) ဟိန္ဒူ | 10 | ဘာသာ (၂) ဗုဒ္ဓ | 10 |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | 3 | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 53 | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | 311 | 296 |
| လူမျိုးစု (၁)-ဗမာ- | 296 | 286 |
| လူမျိုးစု (၂)-ဟိန္ဒူ- | 15 | 10 |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | 140 | 20 |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် ရှုလှိုင် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် ရှုလှိုင် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)


| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း ✓ | ကွန်ကရစ်လမ်း ✓ | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း ✓ | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ



(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၄---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် မိနစ် ၃၀--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်----- ၁ နာရီ ------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------၁------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) --မြိုင်မိုးရောင်-------------- (၃) သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့

(၂) --[illegible]---------------------- (၄) save the children

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည်


ကျေးရွာခေါင်းဆောင် အမည် ဦးကျော်မိုးနိုင်

လက်မှတ် [signature] နေ့စွဲ

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ခင်မာလှိုင်

လက်မှတ် Hlaing နေ့စွဲ

## ၁၁။ ပုံစံ စ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်



ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုဖြည့်စွက်ဆောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်မာလှိုင်

နေ့စွဲ - ၇ - ၁၂ - ၂၀၁၇

စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ✓စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄)

ပြည်နယ်/တိုင်း ရန်ကုန် | မြို့နယ် | ကျေးရွာအုပ်စု ရှာသွင်ကုန်း | ကျေးရွာ စဒွီ

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေးအခက်အခဲ | ၁ | လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း (မိုးတွင်း) |
| ၂ | လျှပ်စစ်မီးအခက်အခဲ | ၂ | အမျိုးသမီးများအတွက်ဝင်ငွေမြှင့်တင်ရန်မရှိခြင်း |
| ၃ | အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း | ၃ | ရေနုတ်မြောင်းမကောင်းသည့်အခက်အခဲ |
| ၄ | သောက်သုံးရေအခက်အခဲ | ၄ | သာရေး/နာရေး/အစည်းအဝေးပြုလုပ်ရန်နေရာအခက်အခဲရှိခြင်း |
| ၅ | သာရေး/နာရေးပြုလုပ်ရန်နေရာအခက်အခဲရှိခြင်း | ၅ | လျှပ်စစ်မီးမရှိသောအခက်အခဲ |
| | | ၆ | အလုပ်အကိုင်နည်းပါးသောအခက်အခဲ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေးကောင်းရန် | ၁ | လမ်းများကောင်းမွန်လာစေရန် |
| ၂ | လျှပ်စစ်မီးရရှိရန် | ၂ | ဝင်ငွေများရရှိသည့်လုပ်ငန်းများရှိလာစေရန် |
| ၃ | အလုပ်အကိုင်ပေါများလာရန် | ၃ | သာရေး/နာရေး/အစည်းအဝေးပြုလုပ်ရန်နေရာရရှိလာရန် |
| ၄ | သာရေး/နာရေးပြုလုပ်ရန်နေရာရှိလာစေရန် | ၄ | လျှပ်စစ်မီးရရှိလာစေရန် |
| ၅ | ပညာရေးအဆင့်မြင့်ကျောင်းရှိလာစေရန် | ၅ | ဆေးပေးခန်းရှိလာစေရန် |
| ၆ | သောက်သုံးရေလုံလောက်စွာရရှိရန် | | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျေးရွာခန်းမဆောင် | အမျိုးသား+အမျိုးသမီး | ၇၁၂၉၈၀၀ | ၆၀၇ |
| ၂ | ကလေးကစားကွင်း | " | ၅၀၀၀၀၀၀ | ၆၀၇ |
| ၃ | မူကြိုကျောင်းတည်ဆောက်ခြင်း | အမျိုးသား | ၁၀၀၀၀၀၀၀ | ၆၀၇ |
| ၄ | ရွာတွင်းလမ်းတိုးချဲ့ခြင်း | အမျိုးသား+အမျိုးသမီး | ၁၀၀၀၀၀၀၀ | ၆၀၇ |
| ၅ | ရေကန်ဖြစ်စည်းရိုးခတ်ခြင်း | " | ၆၀၀၀၀၀၀ | ၆၀၇ |
| ၆ | စာကြည့်တိုက်တည်ဆောက်ခြင်း | အမျိုးသား+ အမျိုးသမီး | ၁၀၀၀၀၀၀၀ | ၆၀၇ |
| ၇ | ဆိုလာမီး | အမျိုးသား+အမျိုးသမီး | ၁၀၀၀၀၀၀၀ | ၆၀၇ |
| ၈ | ဆေးခန်းတိုးချဲ့ခြင်း | အမျိုးသမီး | ၁၀၀၀၀၀၀၀ | ၆၀၇ |
| ၉ | ရေကန်အသစ်တူးဖော်ခြင်း | အမျိုးသား၊အမျိုးသမီး | ၈၀၀၀၀၀၀ | ၆၀၇ |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | တိမ်ကွဲး မြူ. သင်တန်း များ ဖွင့်ရန် | အမျိုးသမီး | |
| ၂ | စိုက်ပျိုးရေး နည်းပညာနှင့် ပစ္စည်းများရရန် | အမျိုးသား | |
| ၃ | ချေးငွေရရှိရန် ကျောင်း | အမျိုးသား + အမျိုးသမီး | |
| ၄ | ပညာရေး အဆင့်တန်း မြင့်စေရန် | 〃 | |
| ၅ | ကျန်းမာရေး မြှင့် ရရှိရန် | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် ဦးကျော်မိုးနိုင် လက်မှတ် [signature] နေ့စွဲ

## ၁၁။ အစည်းဝေးမှတ်တမ်း

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ပြုလုပ်သည့်နေရာ | ။ ကျေးရွာစမ္ပာရုံ (စခ္ဒိကျေးရွာ) |
| ပြုလုပ်သည့်နေ့ရက် | ။ ၇.၁၂.၂၀၁၇ |
| ပြုလုပ်သည့်အချိန် | ။ ၁၁:၀၀ မှ ၁၂:၃၀ ထိ |
| ကျေးရွာအုပ်စုအမည် | ။ ရွာသစ်ကလေး |
| မြို့နယ်အမည် | ။ ကျောက်တန်း |

---

အစည်းအဝေးတက်ရောက်သူ ။ ။ ကျား (၃၀) + မ (၆၁) = (၉၁) ဦး

အကြောင်းအရာ ။ ။ ရွာသစ်ကလေးကျေးရွာအုပ်စု၊ စခ္ဒိကျေးရွာ

။ ပထမအကြိမ်မိတ်ဆက်အစည်းအဝေးပြုလုပ်ခြင်း။

ဆွေးနွေးချက် ။ ။ စခ္ဒိကျေးရွာ ၃-ခွစ်စက်ဝန်း ပထမအကြိမ်မိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူး ဒေါ်ခင်မာလှိုင်နှင့် လက်တွေ့ကျွမ်းကျင်ပညာရှင် ဒေါ်လင်းဆုခိုင်ထွန်းမှ မိတ်ဆက်စကား ပြောကြားခဲ့ပြီး ဆက်လက်၍ လူထုစည်းရုံးရေးမှူး ဒေါ်ခင်မာလှိုင်မှ စီမံကိန်းစက်ဝန်းနှင့် လူထုဗဟိုပြုစီမံကိန်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထပ်မံပြီး စီမံကိန်း ၃-ခွစ်စက်ဝန်းတွင် ကော်မတီဝင်များနှင့် ကျေးရွာလူထုများသည် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ပေးရန် ပြောကြားခဲ့သည်။

ထို့နောက် လူထုစည်းရုံးရေးမှူး ဒေါ်ခင်မာလှိုင်မှ လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်မှာ နွမ်းပါးသော လူထုကို ဗဟိုပြု၍ ကျေးရွာ၏ အမှန်တကယ်လိုအပ်သော အခြေခံအဆောက်အဦး

များ ဖြစ်သည့် လမ်း၊ တံတား၊ အဆောက်အဦး များ ပြုပြင်ခြင်း နှင့် အသစ် ဆောက်လုပ်ပေးသော စီမံကိန်း ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။

ထို့နောက် စီမံကိန်း မိတ်ဆက်(၁၅)ချက်ကို ဆက်လက်ရှင်းလင်းပြောကြား ပြီး ယခုထောက်ပံ့သော ရန်ပုံငွေ သည် အိမ်ထောင်စု (၅၀)% တက်မှသာ ရရှိမည်ဖြစ်ကြောင်း လက်ထောက်နည်းပညာမှူး ဒေါ်လင်းဆန်းနီတွန်း လူထုစည်းရုံးရေးမှူး ဒေါ်ခင်မာလှိုင်တို့မှ ဒုတိယအချက် စက်ဝန်းအတွက် ကျေးရွာလူမှုဆန်းစစ်မှု ပြုလုပ်ရာတွင် အရင်းအမြစ်ပြမြေပုံ၊ ရာသီခွင်ပြ ပြက္ခဒိန်၊ ဗင်းပုံစံ၊ ပင့်ကူအိမ်သုံးသပ်ချက်၊ ပိုင်ဆိုင်မှုသုံးသပ်ခြင်း နှင့် ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက်များစီသည့် လူမှုဆန်းစစ်ချက်များ ပြုလုပ်ရသည့် ရည်ရွယ်ချက်များ ရှင်းပြခဲ့ပါသည်။ ထို့နောက် အမျိုးသား နှင့် အမျိုးသမီး အုပ်စုခွဲကာ လူမှုဆန်းစစ်မှုများ ပြုလုပ်ပြီးသော အခါ ကျေးရွာလူထုအားလုံးကို ပြန်လည်၍ အနှစ်ချုပ် ရှင်းပြခဲ့ပါသည်။

ထို့နောက် ဆက်လက်၍ ဒုတိယအကြိမ်အစည်းအဝေးကို မကြာမီပြန်လည် ပြုလုပ်မည် ဖြစ်ကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုတ်သိမ်းခဲ့ပါသည်။

(မှတ်တမ်းတင်သူ)
ဒေါ်ခင်မာလှိုင်
CF

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ ။ ကျေးရွာဓမ္မာရုံ (စန္ဒီကျေးရွာ)

ပြုလုပ်သည့်နေ့ရက် ။ ၇.၁၂.၁၇

ပြုလုပ်သည့်အချိန် ။ ၁၂:၄၅ မှ ၂:၃၀ ထိ

ကျေးရွာအုပ်စုအမည် ။ ရွာသစ်ကလေး

မြို့နယ်အမည် ။ ကျောက်တန်း

---

အစည်းအဝေးတက်ရောက်သူ ။ (၃၀)ကျား + (၆၁)မ =(၉၁)ဦး

အကြောင်းအရာ ။ ။ ရွာသစ်ကလေးကျေးရွာအုပ်စု၊ စန္ဒီကျေးရွာ ဒု-၃နှစ်စက်ဝန်း၊ ဒုတိယအကြိမ် စီမံကိန်း အစည်းအဝေး ပြုလုပ်ခြင်း။

ဆွေးနွေးချက် ။ ။ ရွာသစ်ကလေးကျေးရွာအုပ်စု၊ စန္ဒီကျေးရွာ ဒုတိယအကြိမ်အစည်းအဝေးတွင် ကျေးရွာစီ၊ထောက်ခေါင်းဆောင် ဦးကျော်မိုးနိုင်မှ မိမိကျေးရွာ၏ လိုအပ်သော လုပ်ငန်းခွဲများ ရွေးချယ်ရာတွင် ကျေးရွာ၏ အမှန်တကယ် လိုအပ်သော လုပ်ငန်းခွဲများ ကိုသာ မဲပေးကြရန် နှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားခဲ့ပါသည်။

လက်ထောက်နည်းပညာမှူး ဒေါ်လင်းဆန်းနွဲ့ မှလည်း စီမံကိန်းနှင့်ပတ်သက်သော ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် လမ်းညွှန်ချက်များကို အကျဉ်းချုံးရှင်းပြပြီး စီမံကိန်းအကောင်အထည်ဖော် ဆောင်ရာတွင် လူထုက ပူးပေါင်းမှ အောင်မြင်မည်ဖြစ်ကြောင်း ရှင်းပြ

ဆွေးနွေးခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော်ရန် အတွက်ယခင်နှစ်ကလုပ်ဆောင်သော လုပ်ငန်းခွဲများ အကြောင်းကို ရှင်းပြပြီး ဒု-နှစ်စက်ဝန်းတွင်လည်း လုပ်ငန်းခွဲသစ်များ ပြန်လည်ပြင်ဆင်လိုပါက မဲစနစ်ဖြင့် ပြန်လည်ရွေးချယ်နိုင်ကြောင်း ရှင်းပြခဲ့ပါသည်၊ မဲစနစ်ဖြင့် ရွေးချယ်၍ မဲအများဆုံးရရှိပါကလည်း နည်းပညာအရ လုပ်ဆောင်၍ရမှသာ လုပ်ဆောင်နိုင်ကြောင်း ရှင်းပြခဲ့ပါသည်။

ကျေးရွာလူထုက လုပ်ငန်းခွဲများကို ပြန်လည် ရွေးလိုကြောင်း ပြောကြားသဖြင့် မဲစနစ်ဖြင့် ပြန်လည်ရွေးချယ်ခဲ့ရာ လုပ်ငန်းခွဲများမှာ-

၁- ကျေးရွာခန်းမဆောင်

၂- ကလေးကစားကွင်း

၃- မူကြိုကျောင်း တည်ဆောက်ခြင်း

၄- ရွာတွင်းလမ်းတိုးချဲ့ခြင်း

၅- ရေကန်ခြံစည်းရိုး

၆- စာကြည့်တိုက်ဆောက်ခြင်း

၇- ဆိုလာမီး

၈- ဆေးခန်းတိုးချဲ့ခြင်း

၉- ရေကန်အသစ်တူးဖော်ခြင်း တို့ဖြစ်ပါသည်။

ထို့နောက် လူထုစည်းရုံးရေးမှူး ဒေါ်ခင်မာလှိုင်မှ ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ထပ်မံရှင်းပြပြီး ပထမနှစ်စက်ဝန်းတွင် လုပ်ဆောင်ခဲ့သော ကော်မတီဝင်များသည် ဒုတိယနှစ်စက်ဝန်းတွင်လည်း ဆက်လက် တာဝန်ယူ၍ ကော်မတီဝင်အနေဖြင့် တာဝန်ထမ်းဆောင်နိုင်ပါသလားဟု

တစ်ဦးချင်းစီကို မေးမြန်းသောအခါ ကော်မတီအဖွဲ့ဝင်အားလုံးက တာဝန်ဆက်လက်ထမ်းဆောင်ပေးနိုင်ပြီး ကျေးရွာလူထုမှ သဘောတူညီသော်လည်း စေတနာ့ဝန်ထမ်းအမျိုးသမီးမှ ဆက်လက်မလုပ်ကိုင်ပေးနိုင်သောကြောင့် အသစ်တစ်ယောက်ကိုထပ်မံ မဲပေးရွေးချယ်ပေးခဲ့သည်။

ထို့နောက် လက်တောက်နည်းပညာမျိုး ဒေါ်လင်းသန်နီထွန်း မှ လုပ်ငန်းခွဲများကို ပြန်လည်အနှစ်ချုပ်ဆွေးနွေးမှု ( ၂း၃၀ ) တွင်အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

သုံးသပ်ချက်။ "ကျေးရွာလူထုက မဲပေးရွေးချယ်ထားသော လုပ်ငန်းခွဲများကို ဦးစားပေးအလိုက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သဘောတူ သုံးသပ်ခဲ့ပါသည်။

(မှတ်တမ်းတင်သူ)

ဒေါ်ရင်စာလှိုင်

CF

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

အနှစ်ချုပ်

မူရင်းသည့်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ဖြစ်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| [illegible] | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| [illegible] | ၁ | [illegible] | ☑ မ ☐ ကျား | | |
| | ၂ | [illegible] | ☐ မ ☑ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| [illegible] | ၁ | ကျမ်းမာရေး [illegible] ရရှိရန် | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| [illegible] | ၁ | ပညာရေး [illegible] ရရှိရန် | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အခြား | ၁ | ချေးငွေရဒီရပ် | ☑ မ<br>☑ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-
မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကိုစစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊မြေပုံများပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ vennပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများအသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများမှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သောအဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့
- လုပ်ငန်းများမှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
    - ရှိ
    - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြားစီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊